စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း

# လူ့အခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာ အနှစ်ချုပ်စာလွှာ

# ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးခြင်း



Institute for Human Rights and Business

Myanmar Centre for Responsible Business

THE DANISH INSTITUTE FOR HUMAN RIGHTS

အနှစ်ချုပ်စာလွှာသည် မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက်လေ့လာဆန်းစစ်ခြင်း သုတေသနအဖွဲ့များ အသုံးပြုရန်အတွက် ပြုစုထားခြင်းဖြစ်သည်။ သို့ရာတွင် အထူးသဖြင့် စီးပွားရေးကိစ္စရပ်များနှင့်ပတ်သက်၍ လူ့အခွင့်အရေးချိုးဖောက်နိုင်မှုများနှင့်ပတ်သက်၍ နားလည်နိုင်စေရေးတွင်လည်း အသုံးပြုနိုင်မည် ဖြစ်ပါသည်။ MCRB ၏ စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာ ဆန်းစစ်ခြင်း သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ MCRB အင်တာနက်စာမျက်နှာ www.mcrb.org.mm တွင် အသေးစိတ် ဝင်ရောက် ဖတ်ရှုနိုင်ပါသည်။

## လူ့အခွင့်အရေးနှင့်ဆက်နွယ်သည့် အကြောင်းအရာအကျဉ်းချုပ်

ဒေသတွင်းရှိ ရပ်ရွာလူထုအားကုမ္ပဏီ၏ လုပ်ငန်းအသစ်များနှင့်ပတ်သက်သော အချက်အလက်များကို ကြိုတင်အသိပေး၊ အကြောင်းကြားသင့်ပြီး ရပ်ရွာလူထုမှ ၎င်းတို့သိရှိမေးမြန်းလိုသော အချက်အလက်များကို ကုမ္ပဏီနှင့် ဒေသအာဏာပိုင်များထံ မေးမြန်း၊ အကြံပြုချက်များ တင်ပြခွင့်ရှိသင့်သည်။

ကုမ္ပဏီအနေဖြင့် ရပ်ရွာလူထု၏ ထင်မြင်ချက်များကို နားထောင်သင့်ပြီး ၎င်းတို့တင်ပြလာသော အချက်အလက်များကို စဉ်းစားသင့်ကာ ကုမ္ပဏီ၏စီမံကိန်းလုပ်ငန်းများကို ရေးဆွဲရာတွင်လည်း တင်ပြလာသောအချက်များအား မည်သည့်အတွက်ကြောင့် လက်ခံကြောင်း၊ မည်သည့်အတွက်ကြောင့် လက်မခံကြောင်းကို သေချာစွာရှင်းလင်းပြ သင့်သည်။

ဤအရေးကိစ္စသည် အထူးသဖြင့်ကုမ္ပဏီမှ ရပ်ရွာလူထု၏ အရင်းအမြစ်များကို အသုံးပြုသောအခါ (ဥပမာ-ရေ၊ သို့မဟုတ် ၎င်းတို့အားကိုးအားထားပြုနေရသော ပတ်ဝန်းကျင်အား ညစ်ညမ်းစေသောအခါ၊ သို့မဟုတ် ဒေသခံတို့ အစဉ်သဖြင့် အသုံးပြုရသော ဝန်ဆောင်မှုများ၊ ဥပမာလမ်း၊ သို့မဟုတ် ရပ်ရွာလူထုမှ ကိုယ်တိုင်ရပ်တည်နိုင်ရန်အတွက် အရေးကြီးသော လိုအပ်ချက်များ (ဥပမာ၎င်းတို့၏ သီးနှံများစိုက်ပျိုးသော မြေယာများအားဝယ်ယူရန် ကြိုးပမ်းခြင်း)များ ပြုလုပ်သောအခါ အရေးကြီးပါသည်။ ဒေသခံရပ်ရွာများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ အသိပေးခြင်းကို ကုမ္ပဏီ၏ လုပ်ငန်း များမစတင်မီ ပြုလုပ်ဆောင်ရွက်သင့်သော လုပ်ငန်းစဉ်ဖြစ်သည်။ ရပ်ရွာအနေဖြင့် ၎င်းတို့၏ စိုးရိမ်မှုများအား ကုမ္ပဏီနှင့် ဆွေးနွေးခြင်းအား လုပ်ငန်းများစတင်ပြီးသည့်အချိန်တွင်လည်း ဆွေးနွေးနိုင်သော အခွင့်အရေးရှိသင့်သည်။

ဒေသခံရပ်ရွာလူထုဟုဆိုရာတွင် ထိုဒေသခံရပ်ရွာအတွင်းနေထိုင်သောသူ အားလုံးပါဝင်ပြီး အားလုံးမှတိုင်ပင် ဆွေးနွေးနိုင်သော အခွင့်အရေးရှိသင့်သည်။ ထိုသူများတွင် အမျိုးသမီးများ၊ လူနည်းစု၊ လူငယ်၊ ဘေးဖယ်ခံရသူများ (ဥပမာ- မသန်စွမ်းသူများ)အပါအဝင်သည်။

ကုမ္ပဏီများအနေဖြင့် ရပ်ရွာများနှင့် တွေ့ဆုံဆွေးနွေးသောအခါ ကျေးရွာလူကြီးမှ ရပ်ရွာတစ်ခုလုံး၏ ကိုယ်စား ပြောဆို ဆွေးနွေးလေ့ရှိသည်။ သို့သော် ရပ်ရွာအတွင်းရှိ အခြားသူများတွင်လည်း ကွဲပြားသောအမြင်များ ရှိနိုင်သည်။ ထို့ကြောင့် ကုမ္ပဏီများအနေဖြင့် ရပ်ရွာများနှင့်တွေ့ဆုံဆွေးနွေးသောအခါ ကျေးရွာလူကြီးအား လေးစားသော အားဖြင့် တွေ့ဆုံဆွေးနွေးသကဲ့သို့ ရပ်ရွာတွင်းနေထိုင်သူ အမျိုးမျိုးနှင့်လည်း တွေ့ဆုံခြင်းဖြင့် စီမံကိန်းနှင့်ပတ်သက်သော အမြင် အမျိုးမျိုးအား ကြားသိရှိနိုင်မည်ဖြစ်သည်။ ရပ်ရွာလူထုနှင့် တွေ့ဆုံဆွေးနွေးရာတွင် ပတ်သက်ဆက်နွယ်နေသော လူ့ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်အမျိုးမျိုးရှိနိုင်သည်။

## လူ့အခွင့်အရေးအပေါ်သက်ရောက်မှုများ -

*သတင်းအချက်အလက်များရယူပိုင်ခွင့်*

ရပ်ရွာလူထုအနေဖြင့် ၎င်းတို့၏ဒေသအတွင်း ဆောင်ရွက်ဖွယ်ရှိသေ ာစီမံကိန်းနှင့်ပတ်သက်သော သတင်းအချက်အလက်များကို စီမံကိန်းများမှ နားလည်လွယ်သော ရှင်းလင်းသည့်ပုံစံဖြင့် ရှင်းလင်းအသိပေးသင့်သည်။ ဤသတင်းအချက်အလက်များသည် ဒေသခံဘာသာစကားဖြင့် သာမန်လူများနားလည်နိုင်သော ပုံစံဖြင့်ရိုးရှင်းစွာရေးသားထားပြီးစီမံကိန်း၏ အကောင်းအဆိုး သက်ရောက်မှုများအား ပြည့်ပြည့်စုံစုံနည်းလည်နိုင်ရန် (ဥပမာ-အလုပ်ခန့်အပ်ခြင်း ရွေးချယ်မှုပုံစံ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု)လိုအပ်သည်။ သတင်းအချက်အလက်များသည် ရပ်ရွာအတွင်းရှိ လူအားလုံး လက်လှမ်းမီသော၊ သိရှိသောနေရာမျိုးတွင်ထားရှိရန် လိုအပ်ပြီး ဆွေးနွေးပွဲသို့မတက်နိုင်သည့်တိုင် ဆွေးနွေးသော သတင်းအချက်အလက်များကို လွယ်ကူစွာသိရှိနိုင်ရန်ရမည်။

### *ထင်မြင်ချက်များပေးခြင်းနှင့် ထင်မြင်ချက်များအား ထည့်သွင်းစဉ်းစားပေးခြင်း*

ကုမ္ပဏီအနေဖြင့် ရပ်ရွာနှင့် တိုင်ပင်ဆွေးနွေးခြင်းအကြောင်းအရင်းမှာ ရပ်ရွာမှစီမံကိန်းနှင့် ပတ်သက်သော စိုးရိမ်ပူပန်မှုများ၊ ပေးလိုသောအကြံဉာဏ်များအား စီမံကိန်းပုံစံမရေးဆွဲခင် ကြိုတင်သိရန်လိုပြီး စီမံကိန်းရေးဆွဲသော အခါ ထည့်သွင်းစဉ်းစားရန်လိုသည်။ စီမံကိန်းပုံစံရေးဆွဲပြီး ပြန်လည်ပြင်ဆင်ရန် မဖြစ်နိုင်တော့သော အချိန်အခါ မျိုးတွင်မှ ရပ်ရွာနှင့် တွေ့ဆုံခြင်းမျိုး မပြုလုပ်သင့်ပါ။ ကုမ္ပဏီနှင့် အစိုးရမှစီမံကိန်းအတွက် ဆုံးဖြတ်ချက်ချပြီးသောအခါမှ ရပ်ရွာအား အသိပေးပါက ရပ်ရွာမှ စီမံကိန်းအား ပြုပြင်ပြောင်းလဲရန် လုပ်ဆောင်နိုင်မည် မဟုတ်ပါ။

### *ခြိမ်းခြောက်မှုမပါသော တိုင်ပင်ဆွေးနွေးခြင်း*

ကုမ္ပဏီများမှ ဤကဲ့သို့သော တိုင်ပင်ဆွေးနွေးမှုမျိုးကို ရပ်ရွာနှင့်ပြုလုပ်ခြင်းဖြင့် ရပ်ရွာနှင့် ဆက်ဆံရေးတစ်ရပ် တည်ဆောက်ရန် အရေးကြီးသည်။ ထိုသို့ တိုင်ပင်ဆွေးနွေးရာတွင်လည်း လက်နက်ကိုင်အဖွဲ့အစည်း၊ သို့မဟုတ် စစ်သားများ၏ ရှေ့မှောက်တွင် မပြုလုပ်သင့်ပါ။ ဒေသခံအစိုးရမှ ပါဝင်ဆွေးနွေးခြင်းဖြင့် အကူအညီရရှိနိုင်သော်လည်း ဤသို့ပါဝင်ခြင်းသည် ရပ်ရွာအားခြိမ်းခြောက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် မပြုလုပ်သင့်ပါ။ ဒေသခံအစိုးရအနေဖြင့် ၎င်းတို့လိုင်စင်ချပေးသော၊ ခွင့်ပြုသောစီမံကိန်းများနှင့် ပတ်သက်သော ရပ်ရွာ၏ စိုးရိမ်ပူပန်မှုများအား အချိန်ပေးနား ထောင်ပေးရန် လိုအပ်သည်။ သို့မှသာ ကုမ္ပဏီများအပေါ် မည်ကဲ့သို့သော ကြားသိရပါက ရပ်ရွာနှင့်တွေ့ဆုံ၍စည်းကမ်း၊ ဥပဒေများ ချမှတ်သင့်သည်ကို သိရှိနိုင်မည်။

### *ရပ်ရွာဒေသအတွင်းနေထိုင်ကြသော သူများအားလုံး ပါဝင်ခွင့်ရစေခြင်း*

ကုမ္ပဏီများနှင့် ဒေသခံအစိုးရအနေဖြင့် ကျေးရွာခေါင်းဆောင်များ၊ ရပ်ရွာလူကြီးများ၊ အသက်ကြီးသူများနှင့် ဆွေးနွေးခြင်းအား ရပ်ရွာနှင့် ဆွေးနွေးတွေ့ဆုံခြင်းကိစ္စ လုံလောက်ပြီဟု ယူဆနိုင်သည်။ ကုမ္ပဏီအနေဖြင့်မှ လူ့အသိုက်အဝန်းမှချမှတ်ထားသော စည်းကမ်းများနှင့်အညီ ၎င်းတို့အား ကိုယ်စားပြုသောသူများနှင့် တွေ့ဆုံဆွေးနွေးရန် လိုအပ်သကဲ့သို့ ရပ်ရွာတွင်းနေထိုင်ကြသော အများပြည်သူနှင့် တွေ့ဆုံ၍ လုပ်ငန်းကြောင့်ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုး များကိုလည်း မေးမြန်းဆွေးနွေးသင့်သည်။ အမျိုးသမီးများနှင့် သီးခြားတိုင်ပင်ဆွေးနွေးသင့်ပြီး ကုမ္ပဏီများအနေဖြင့် ရပ်ရွာ အတွင်းရှိ လူနည်းစု(minority groups)အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံသင့်သည်။

### *ကုမ္ပဏီနှင့် ပတ်သက်သော စိုးရိမ်ပူပန်မှုများအား ဆွေးနွေးနိုင်ရန် "တံခါး" ဖွင့်ပေးထားခြင်း*

ကုမ္ပဏီမှ၎င်း၏ လုပ်ငန်းများစတင်သည်နှင့် ရပ်ရွာမှလုပ်ငန်းအပေါ် စိုးရိမ်စေသော အကြောင်းအရာ ကိစ္စသစ် များ ပေါ်ပေါက်လာစေနိုင်သည်။ (ဥပမာ- စီမံကိန်းမှ ကုန်တင်ကားများမြို့ထဲသို့ အလွန်လျင်မြန်စွာ ဖြတ်သန်းမောင်းနှင် သဖြင့် ကလေးများအား အန္တရာယ်ရှိစေနိုင်ခြင်း)။ ကုမ္ပဏီအနေဖြင့် ရပ်ရွာမှကန့်ကွက်မှုများနှင့် စိုးရိမ်မှုများကို အခြေအနေမဆိုးရွားမီ စောလျင်စွာပြောဆိုဆွေးနွေးရန် တာဝန်ခံတစ်ဦးကို ခန့်အပ်ထားခြင်းသည် ကောင်းမွန်သော အလေ့အထဖြစ်သည်။ ၎င်းတို့၏နစ်နာချက်များ ဖြေရှင်းရာလုပ်ငန်းစဉ်များ (Compensation Process)ဟု တစ်ခါတစ်ရံ ခေါ်ဆိုသည်။ အချို့သော ကုမ္ပဏီများအနေဖြင့် ရပ်ရွာမှပုံမှန်စီစဉ်သော အစည်းအဝေးများကို တက်ရောက်လေ့ရှိပြီး၊ သို့မဟုတ် ရပ်ရွာအဖွဲ့ဝင်များနှင့်အတူ စီမံကိန်းနှင့်ဆိုင်သော အဓိကပြဿနာများကို စစ်ဆေးလေ့ရှိသည်။ ဥပမာ - ကုမ္ပဏီမှ ရပ်ရွာမှရေကို အသုံးပြုခြင်းနှင့်

ပတ်သက်၍သော်လည်းကောင်း၊ သို့မဟုတ် ကုမ္ပဏီ ပို့ဆောင်ရေးဆိုင်ရာ အစီအမံများနှင့် ဆက်စပ်သော ကိစ္စရပ်များသော်လည်းကောင်း ဖြစ်သည်။

*ယခုဖော်ပြပါအချက်များသည် ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများနှင့် အဘယ့်ကြောင့် သက်ဆိုင်ပါသနည်း။*

မြန်မာနိုင်ငံတွင် ယနေ့အချိန်အထိ ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် ပတ်သက်သော ဥပဒေ၊ သို့မဟုတ် အလေ့အထများ နည်းပါးနေသည်။ ရပ်ရွာလူထုအနေဖြင့် ၎င်းတို့ရပ်ရွာနှင့်ပတ်သက်သော ကိစ္စများတွင် ရွေးချယ် ခွင့်များ နည်းပါးခဲ့သည်။ အချို့ကိစ္စများတွင် တဖြေးဖြေးခြင်း ပြောင်းလဲလာမည်ဟု မျှော်လင့်ရပါသည်။ မြန်မာနိုင်ငံ၏ ဥပဒေအသစ်များတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝများအပေါ်သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း (ESIA) နှင့် အချို့သောစီမံကိန်းများအတွက် တိုင်ပင်ဆွေးနွေးခြင်းများ လိုအပ်လာမည်ဟု မျှော်လင့်ရပါသည်။ တာဝန် ယူမှုရှိသော စီးပွားရေးလုပ်ငန်းများအနေဖြင့် ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးခြင်းများသည် လုပ်ငန်းနှင့် ၎င်းတို့၏ အနီး ပတ်ဝန်းကျင်ရှိ ရပ်ရွာလူထုနှင့် ရေရှည်ဆက်ဆံရေးအတွက် အကျိုးရှိပြီး ၎င်းတို့၏ဝန်ထမ်းများ ဖြစ်လာနိုင်သော ဒေသခံ သူများနှင့် ရေရှည်ဆက်ဆံရေးထူထောင်ရန် ကောင်းသောနည်းလမ်းဖြစ်သည်။ (၎င်းကို လုပ်ငန်းဆောင်ရွက်ရန် လူမှု လိုင်စင်(Social Liscence) ဟုလည်း တစ်ခါတစ်ရံခေါ်သည်။) ရပ်ရွာမှ လုပ်ငန်းအားၡင်းတို့၏ ဒေသအတွင်းလက်ခံမှု သည် တရားဝင်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်၊ ပါမစ်ကဲ့သို့ပင် အရေးကြီးပါသည်။ (တစ်ခါတစ်ရံ ပို၍ပင် အရေးကြီးပါ သည်) ရပ်ရွာအနေဖြင့် ၎င်းတို့၏ဒေသတွင် စီမံကိန်းများအား မလိုလားသောအခါ ၎င်းတို့၏ စိုးရိမ်မှုများအား နည်း အမျိုးမျိုးဖြင့် ဖော်ပြကြသည်။ ဥပမာ ကန့်ကွက်ခြင်း၊ သို့မဟုတ် ဆန္ဒပြခြင်းကဲ့သို့သောအ ခြေအနေမျိုးသည် ကုမ္ပဏီ အတွက်သော်လည်းကောင်း၊ ရပ်ရွာအတွက်သော်လည်းကောင်း အသုံးမဝင်ပါ။

*အောက်ပါအချက်အလက်များနှင့် ဆက်စပ်၍ရပ်ရွာများအား တိုင်ပင်ဆွေးနွေးသင့်သည်။*

ဤကဲ့သို့ တိုင်ပင်ဆွေးနွေးခြင်းမျိုးသည် ပိုမိုလုပ်ဆောင်လာသော ပုံမှန်အလေ့အထဖြစ်လာပြီး ရပ်ရွာမှလည်း ထိုသို့လုပ်ဆောင်ရန် မျှော်လင့်လာကြသည်။

*ထိုသို့ရပ်ရွာမှ မျှော်လင့်မှုအား ကုမ္ပဏီနှင့် အစိုးရမှသိရှိရန်လည်း ဆွေးနွေးတင်ပြသင့်သည်။*

- ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးမှုများသည် ကုမ္ပဏီနှင့်ရပ်ရွာအကြား ဆက်ဆံရေး ပိုမိုကောင်းမွန်စေရန် အတွက်လည်းကောင်း၊ သို့မဟုတ် ဝတ္တရားကြေဆောင်ရွက်ခြင်းမျိုးလည်း ဖြစ်နိုင်သည်။ ဤကဲ့သို့သော အလေ့အထသည်ပင်လျှင် ရပ်ရွာနှင့်ဆက်ဆံရာတွင် ပြောင်းလဲသင့်သော အလေ့အထ ဖြစ်သည်။
- ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးမှုများသည့် ကုမ္ပဏီနှင့် ရပ်ရွာအကြား ပြဿနာများအား ရပ်ရွာအဆင့် တွင် ဖြေရှင်းရန်အတွက် ဖြစ်သည်။ ကုမ္ပဏီမှရပ်ရွာအပေါ် ရေရှည်ဆိုးကျိုးများ၊ နစ်နာမှုများ မသက် ရောက်မီ မြန်မာနိုင်ငံတွင် တရားရုံးအရေးအတွက် အနည်းငယ်သာရှိသောကြောင့် ရပ်ရွာမှ မကျေနပ် ချက်များအား တိုင်ကြားနိုင်ရန်ခက်ခဲသည်။ ထို့ကြောင့် ဤကဲ့သို့ ရပ်ရွာနှင့်တွေ့ဆုံ ဆွေးနွေးဖြေရှင်းခြင်း နည်းလမ်းသည် ပြဿနာများအားဖြေရှင်းရန် ကောင်းသောနည်းလမ်းသစ်တစ်ရပ် (စတင်ပြီး) ဖြစ်လာ ပါသည်။
- လူ့အသိုက်အဝန်းတွင် လွတ်လပ်စွာပြောဆိုပိုင်ခွင့် ပိုမိုရှိလာပြီဖြစ်ပြီး ၎င်းတို့၏ ထင်မြင်ချက်များကို ပြောဆိုခွင့်လည်း ကျေးလက်ဒေသများတွင် တိုးတက်လာသည်၊ သို့မဟုတ် ဒေသခံများအပေါ် ခြိမ်း ခြောက်မှုများ ဆက်လက်တည်ရှိနေသည်။

မိမိ၏ထင်မြင်ယူဆချက်များအား ဖော်ထုတ်ခွင့်သည် အခြေခံ လူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး ပြောင်းလဲမှုကို အားပေးသော လက်တွေ့ကျင့်သုံးနိုင်သည့် ဒီမိုကရေစီနည်းလမ်းဖြစ်ရန်အတွက် အရေးပါသည်။

## လူ့အခွင့်အရေးဆိုင်ရာ ကိုးကားချက်များ

လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းများအား ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရမည် ဟူသော တိကျသည့်ဥပဒေမရှိပါ။ သတင်းအချက်အလက်များ ရယူခွင့်နှင့် လွတ်လပ်စွာ ဖော်ထုတ်ခွင့်တို့ကိုကား လူ့အခွင့်အရေးဆိုင်ရာ ဥပဒေတွင်ပါရှိပါသည်။ ၎င်းတွင် တိုင်းရင်းသားများနှင့် ပတ်သက်သော ဖော်ပြချက်များပါသည်။ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများအား လေ့လာသော နိုင်ငံတကာနှင့် ပြည်တွင်းဥပဒေများသည် စီးပွားရေးစီမံကိန်များနှင့် သက်ဆိုင်မှုရှိသည်။ ထိုဥပဒေတွင် အများပြည်သူနှင့်ဆိုင်သော သဘာဝပတ်ဝန်းကျင်၏ ထိခိုက်နစ်နာမှုများအား ဆန်းစစ်ခြင်း (ESIA) လည်း ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများသည် ပြည်သူလူထုအနေဖြင့် ၎င်းတို့အပေါ် သက်ရောက်နိုင်သော ဆိုးကျိုး၊ ကောင်းကျိုးများအား သိရှိခွင့်ရှိကြောင်း သိရှိသောကြောင့် ဖြစ်သည်။

ထို့အပြင် သက်ရောက်မှုများနှင့်ပတ်သက်သော အချက်အလက်များသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ် ဝန်းကျင်အပေါ် သက်ရောက်နိုင်သည့် ဆိုးကျိုးများအား လျော့ကျရန်အတွက် ဆောင်ရွက်ရာတွင် အထောက်အကူ ပြုနိုင်သောသတင်းအချက်အလက်များ ရရှိနိုင်သောကြောင့်ဖြစ်သည်။

အခြားသော နိုင်ငံတကာစည်းကမ်းများ (International Instruments, voluntary codes)များသည် အထက် ဖော်ပြပါ အကြောင်းအရာများကြောင့်ပင် စီမံကိန်းနှင့်ဆက်စပ်နေသော လူများ၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးရန်မှာ အရေးကြီးကြောင်း သိရှိကြသည်။

လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများသည် ထိခိုက်အလွယ်ဆုံးသော လူ့အဖွဲ့အစည်းများသူများ (Vulnerable grups) ခွဲခြားဆက်ဆံခံရသူများ (Marginalized People)အား တူညီသောအခွင့်အရေးများ ရရှိရန် အဓိကထားသည်။ ထို့ကြောင့် ရပ်ရွာလူထုအတွင်းနေထိုင်ကြသော ထိခိုက်လွယ်သောသူများနှင့်လည်း တွေ့ဆုံမေးမြန်းရန် အရေးကြီးကြောင်းနှင့် ၎င်းတို့အား မကျန်ရစ်ခဲ့စေဖို့ သတိထားရန်၊ မမေ့လျော့ရန် အရေးကြီးသည်။

This factsheet on Community Consultation has been produced by MCRB. An English version is available from www.mcrb.org.mm.